Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


ဒီဇင်ဘာလ ၉ရက်၊ ၂၀၂၅ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## နိုဝင်ဘာလ ၁-၃၀ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်– ၂၀၂၁ အောက်တိုဘာလ ၃၁ရက်၊ ၂၀၂၅ | နိုဝင်ဘာလ ၁ – ၃၀ရက်၊ ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၀၁ | ၁၃ | ၇၁၄ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၈၅ | ၇ | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၉၃၁ | ၁၇ | ၉၄၈ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၁ | ၃ | ၁၅၈၄ |
| | ဒီးမော့ဆိုမြို့နယ် | ၆၈၁ | ၁၀ | ၆၉၁ |
| | မယ်စဲ့မြို့နယ် | ၃၄ | | ၃၄ |
| | ဖယ်ခုံမြို့နယ် | ၈၀၇ | ၁ | ၈၀၈ |
| | ဖရူဆိုမြို့နယ် | ၁၆၂ | | ၁၆၂ |
| | ဘောလခဲမြို့နယ် | ၃၄ | ၁ | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၈၇ | ၃ | ၁၉၀ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ အောက်တိုဘာလ ၃၁ ရက်နေ့ အထိ ၂၀၂၅ | IDPs အသစ် နိုဝင်ဘာလ ၁–၃၀ရက်၊ ၂၀၂၅ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ နိုဝင်ဘာလ ၁-၃၀ရက်နေ့ထိ၊၂၀၂၅ ခုနှစ်



ဒီးမော့ဆို၊ ဖယ်ခုံနှင့် ဖာဆောင်းမြို့နယ်များတွင် အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းနှင့် လက်နက်ကြီးတိုက်ခိုက်မှုများ မြင့်တက်လာခြင်းကြောင့် အရပ်သား ၁၃ ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိ

နိုဝင်ဘာလအတွင်း အာဏာသိမ်းစစ်ကောင်စီသည် ဒီးမော့ဆို၊ ဖယ်ခုံနှင့် ဖာဆောင်းမြို့နယ်များတွင် လေကြောင်းနှင့် လက်နက်ကြီးတိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး အရပ်သား ၁၃ ဦး သေဆုံးပြီး ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နိုဝင်ဘာလ ၃ ရက်နေ့တွင် ဒီးမော့ဆိုအနောက်ခြမ်း၌ ငါးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သော အဆိုးရွားဆုံး လေကြောင်းတိုက်ခိုက်မှုသည် ဒီးမော့ဆိုမှ ဘော်လခဲမြို့သို့ စစ်ကောင်စီတပ်၏ စစ်ကြောင်းချီတက်လာခြင်းနှင့် တိုက်ဆိုင်နေပြီး ယင်းစစ်ကြောင်းကို ကာကွယ်ရန် ရည်ရွယ်ခဲ့ဖွယ်ရှိသည်။ နိုဝင်ဘာလ ၂၁ ရက်နေ့ ဖာဆောင်းမြို့နယ်၊ မော်ချီးသတ္တုတွင်းဒေသ လေကြောင်းတိုက်ခိုက်မှုများတွင် ငါးဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သောဖြစ်စဉ်သည်လည်း ခုခံကာကွယ်ရေး၏ စီးပွားရေးဝင်ငွေကို ထိခိုက်စေရန် ရည်ရွယ်ခဲ့ဖွယ်ရှိသည်။

*နိုဝင်ဘာလတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

နိုဝင်ဘာလ ၃ရက်၊ မနက် ၇နာရီဝန်းကျင်အချိန် ဒီးမော့ဆိုအနောက်ဘက်ခြမ်းတစ်နေရာကို စစ်ကောင်းစီမှ လေယာဉ်ဖြင့် ဗုံးသုံးလုံးကြဲချတိုက်ခိုက်ခဲ့ပြီး suicide ဒရုန်းနှင့် လက်နက်ကြီးများလည်း ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ကရင်နီပြည်သူ့ရဲတပ်ဖွဲ့ ၄ဦးနှင့် ပြည်သူ၁ဦး သေဆုံးခဲ့ပြီး ကျန်၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုဝင်ဘာလ ၃ရက်နေ့မှစပြီး ဘောလခဲမြို့နယ်ဘက်သို့ ဦးတည်ကာ မာခရော်ရှေ့၊ ထားလဲကျေးရွာဘက်ကို စစ်ကောင်စီတပ်များ စစ်ကြောင်းလှုပ်ရှားမှုရှိပြီး လေကြောင်းပစ်ကူခြင်း၊ ဒရုန်းဗုံးအသုံးပြုခြင်းတို့ကြောင့် ဒေသခံများနှင့် စစ်ရှောင်များ စိုရိမ်ပူပန်လျက်ရှိသည်။

နိုဝင်ဘာလ ၈ရက်၊ ညနေပိုင်း ၄နာရီကျော်ဝန်းကျင်အချိန် မိုးဗြဲအခြေစိုက် ခမရ ၄၂၂တပ်မှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် မိုးဗြဲမြို့နယ်၊ နန်းဖဲကျေးရွာ(ပအိုဝ့်ရွာ)သို့ကျရောက်ပေါက်ကွဲခဲ့ပြီး အမျိုးသားတစ်ဦး ခြေတစ်ဖက်ဆုံးရှုံးခဲ့ရသည်။

နိုဝင်ဘာလ ၁၁ရက် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းရှိ အိုကေကျေးရွာသို့ စစ်ကောင်စီတပ်များမှ လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ကျေးရွာအနီးသို့ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံနေအိမ် တချို့ ထိခိုက်ပျက်စီးခဲ့သည်။

နိုဝင်ဘာလ ၁၂ရက်၊ မွန်းလွဲ၃နာရီ ဝန်းကျင်အချိန် နန်းမယ်ခုံမြို့၊ နမ့်စံခမ်းကျေးရွာသို့ လွိုင်ကော်အခြေစိုက် စစ်ကောင်စီတပ်မှ လက်နက်ကြီးဖြင့်နှစ်ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ကျေးရွာတွင်းရှိ ဒေသခံတွေ၏ စိုက်ခင်းနှင့် ဘုန်းကြီးကျောင်းရှေ့ ကျရောက်ပေါက်ကွဲခဲ့ပြီး ဘုန်းကြီးကျောင်းနှင် လူနေအိမ်များတချို့ ထိခိုက်ပျက်စီးခဲ့သည်။

နိုဝင်ဘာလ ၁၃ရက်တွင် လွိုင်ကော်မြို့၊ လေးမိုင် ဇရပ်ဖြူလမ်းပေါ်တွင် စစ်ကောင်စီ၏ ဖမ်းဆီးခြင်းကို ခံရသော ပြည်သူ၁၀ယောက်ဝန်းကျင်ရှိခဲ့ပြီး ထိုထဲမှ ဖယ်ခုံမြို့ အရှေ့ဘက်ကမ်းမှ စစ်ရှောင်လာသူ အသက်၂၈နှစ်နှင့် ၃၀ကျော်အမျိုးသားနှစ်ဦး ပါဝင်သည်။

နိုဝင်ဘာလ ၁၅ရက်၊ မွန်းလွဲ ၂နာရီဝန်းကျင်အချိန် စစ်ကောင်စီတပ်မှ Y-12 စစ်ထောက်ပို့ ဗုံးကြဲလေယာဥ်တစ်စီးဖြင့် ရှမ်း-ကရင်နီနယ်စပ်၊ ဖယ်ခုံရှေ့ဘက်ကမ်းရှိ နောင်လိုက်ကျေးရွာကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ရွာတွင်းရှိ ခန်းမဆောင်ဟောင်းတစ်ခု ပျက်စီးဆုံးရှုံး ခဲ့သည်။

နိုဝင်ဘာလ ၂၁ရက်၊ မနက်၉ခွဲအချိန် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသနေရာ ၃နေရာကို စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှု၃ကြိမ် ပြုလုပ်ခဲ့ခြင်းကြောင့် ခဲလုပ်သား အရပ်သားပြည်သူ အမျိုးသား ၅ဦးသေဆုံးခဲ့ပြီး ကျန်၅ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုဝင်ဘာလ ၂၂ရက်၊ မနက်၁၁နာရီဝန်းကျင်အချိန် ဖယ်ခုံအနောက်ဘက်ခြမ်းရှိ ဘောရန်ရွာအနီး တောင်ယာထဲသို့ စစ်ကောင်စီတပ်နှင့် ပအိုဝ့်ပြည်သူ့စစ် PNOတို့ လက်နက်ကြီးပစ်ခတ်တိုက်ခိုက် ခြင်းကြောင့် အလုပ်လုပ်နေသော ဘောရန်နှင့် နန့်ပလိုစစ်ရှောင်အမျိုးသမီး၇ဦးအနက် ၃ဦး လက်နက်ကြီးထိမှန်သေဆုံးခဲ့ပြီး ကျန်အမျိုးသမီးများ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

နိုဝင်ဘာလ ၂၃ရက်၊ အရပ်သားနေထိုင်ခြင်းမရှိသော ဘောလခဲမြို့နယ်၊ ချိကွဲ့ကျေးရွာအတွင်းကို စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ရွာတွင်းရှိ ဘုန်းကြီးကျောင်းထိမှန် ပျက်စီးခဲ့သည်။

နိုဝင်ဘာလ ၂၃ရက်၊ ညနေပိုင်း ၄နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်း တစ်နေရာကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့်ကင်းထောက်ခြင်း၊ လေကြောင်းဖြင့် ၄ကြိမ်ဗုံးကြဲတိုက်ခိုက်ခြင်းအပြင် လက်နက်ကြီးများအဆက်မပြတ် ပစ်ခတ်ခြင်းတို့ကြောင့် စစ်ဘေးရှောင်များနှင့် ဒေသခံများ ထပ်မံထွက်ပြေးတိမ်းရှောင်ကြရသည်။

နိုဝင်ဘာလ ၂၃ရက်၊ ညနေပိုင်း ၅နာရီအချိန် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်း သေးဆူလဲရွာသစ်ရွာကိုစစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံး၂ကြိမ်ကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ရွာထဲရှိနေအိမ် ၂လုံးပျက်စီးခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com